လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် ကျွန်တော်တို့ 'အဖိုး'၊ ကျွန်တော်တို့ 'အမေ' အမေလူထုဒေါ်အမာရဲ့ နှစ်(၉၀)ပြည့် မွေးနေ့သဝဏ်လွှာ

အမေမာ ခင်ဗျား –

အမေ့မွေးနေ့မှာ သားတို့ ဦးညွှတ်ကန်တော့ လိုက်ပါတယ်။
အမေ အသက်ရာကျော်ရှည်ပါစေ။
အမေ ကျန်းမာပါစေ။

အမေမာ ခင်ဗျား –

ကျွန်တော်တို့တိုင်းပြည်နဲ့ လူမျိုးပေါင်းစုံပြည်သူများမှာ **"ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး"** မရှိခဲ့တာ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ နှစ်ပေါင်းရှည်ကြာခဲ့ပါပြီ။

တိုင်းပြည်ဟာ **'အဆင်းရဲဆုံးနိုင်ငံ'**(LDC) ဘဝက နေ၊ **'ကျရှုံးနိုင်ငံ'**(Failed state) ဘဝကို တရွေ့ရွေ့ သက်ဆင်းနေခဲ့ပါပြီ။

အဖိုးသခင်ကိုယ်တော်မှိုင်းက **"ဆရာ မသေခင် တိုင်းပြည်မှာ တကယ့်ငြိမ်းချမ်းရေးရတာ မြင်သွားချင်တယ်"**လို့ သူ့ရင်တွင်းဆန္ဒကို မြွက်ဟခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒီကနေ့အထိ အဖိုးဆန္ဒ မပြည့်ဝခဲ့သေးပါဘူး။

အမေကလည်း လွန်ခဲ့တဲ့နှစ် ဒီလိုအချိန်က မီဒီယာတစ်ခုနဲ့ အင်တာဗျူးမှာ မြန်မာနိုင်ငံသားတွေ ဆင်းရဲကြပ်တည်းမှုနဲ့ ပတ်သက်ပြီး စိတ်မကောင်းစွာ အခုလိုပြောခဲ့ဖူးတာကို ကျွန်တော်တို့ အလေးအနက် မှတ်သားထားခဲ့ပါတယ်။

**"ဘယ်တုန်းကမှ မကြုံဖူးအောင် အခုဆင်းရဲနေတယ်ကွာ။ အဲဒီတော့ အမေက စိတ်ဆင်းရဲ တာပေါ့နော်။ အကုန်လုံးကတော့ အပြောင်းအလဲတစ်ခုတော့ လိုချင်နေတာပေါ့ကွာ။"**

အဖိုးနဲ့အမေတို့က နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးနဲ့ လွတ်လပ်ရေးရပြီးနောက် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေးဆိုတဲ့ သမိုင်းခေတ်တာဝန်တွေကို ပြည်သူလူထုရဲ့ ညီညွတ်မှုစွမ်းပကားနှင့် တွန်းလှန်ခဲ့၊ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

(မဆလ) တစ်ပါတီအာဏာရှင်စနစ်ကိုလည်း ပြည်သူလူထုရဲ့ညီညွတ်မှုစွမ်းပကားနဲ့အတူ အမေတို့ကျွန်တော်တို့ အတူတကွ တွန်းလှန် ဖြိုချခဲ့ကြတာပါ။

ဒါကြောင့် အခုလည်းပဲ (နအဖ) စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်၊ စစ်ဗျူရိုကရေစီယန္တရားကိုလည်း ပြည်သူလူထုရဲ့ ညီညွတ်မှု စွမ်းပကားနဲ့ ဖြိုချပစ်နိုင်မယ်ဆိုတာကို ကျွန်တော်တို့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်။

**'အဖိုး'** နဲ့ **'အမေ'**တို့ရဲ့ **"ဆန္ဒနဲ့ မှာကြားချက်တွေ"**ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အားထုတ်လုံးပမ်းပါ့မယ်လို့ အမေမာရဲ့ (၉၀)နှစ်မြောက်မွေးနေ့မှာ ကျွန်တော်တို့အလေးအနက်ကတိပြုပါတယ်။

ကျွန်တော်တို့ကို ရှေ့ဆောင်လမ်းညွှန်ပါဦး။
ကျွန်တော်တို့ကိုသွန်သင်ဆုံးမပါဦး။
အမေအသက်ရာကျော်ရှည်ပါစေ။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်။

P.O Box (50), Mae Sod, Tak Province, 63110, Thailand. Tel/Fax: 66 55 546581